
ရှုန်းရမိပိုး
အသည်းကွဲခရီးသည်
L လင်း

‘ဘုန်းရဲမိုး’

မင်းနဲ့ ဝေးရာဆီ ခြေတစ်လှမ်း
လှမ်းလိုက်တိုင်း ကိုယ့်နှလုံးသားက မင်းဆီ
တစ်လှမ်းစာ ပိုနီးသွားတယ် မြတ်နိုးစိမ့်စိမ့်
ရယ်။

‘မြတ်နိုးစိမ့်စိမ့်’
တကယ်ဆိုရင် ...
ကိုယ့်ချစ်သူက ကိုယ့်ကိုမုန်းသွား
အောင် နာကြည်းသွားအောင် ဘယ်သူက
လုပ်ချင်မှာ လဲလေ။

‘မေသစ်ချို’
တခြားသူတွေရဲ့ နှလုံးသားတွေ
ကို နားလည်ပေးခဲ့တဲ့ ကျွန်မ၊ မျှဝေခံစား

ပေးခဲ့တဲ့ ကျွန်မ၊ ကိုယ့်နှလုံးသားရဲ့ ခံစား
ချက်ကိုကျတော့ ဘာလို့ မရိုပ်မိခဲ့ရတာ
လဲကွယ်။

'ခြိမ့်ကလေး အိပ်တော့လေ၊ ဘာပဲဖြစ်ဖြစ် မနက်ကျရင် သိရမှာ ပဲလေ၊ ခြိမ့်ကလေး မအိပ်လည်း မနက်မှ ပဲ သိရမှာ '

'ခြိမ့်ခြိမ့် စာမေးပွဲ အရမ်းအောင်ချင်တယ် မသစ်ရယ်၊ ခြိမ့်ခြိမ့် အောင်မှ ဖြစ်မှာ '

'အရမ်းကြီး စိတ်ထဲ မထည့်ထားပါနဲ့ ကွာ၊ မအောင်လည်း ဘာဖြစ်လဲ၊ နောက်တစ်နှစ် ပြန်ဖြေလို့ ရတာပဲ'

'ဟင့်အင်း … ခြိမ့် မနှစ်က စာမေးပွဲကျတာ ဘယ်လိုမှ မနေဘူး၊ ဒီနှစ်တော့ အောင်ချင်တယ်'

'အောင်မှာ ပါ ညီမလေးရယ်၊ ဖြေနိုင်တာပဲ မဟုတ်လား'

'ခြိမ့် ဒီနှစ် ကြိုးစားပမ်းစားတော့ ဖြေထားတာပဲ၊ ခြိမ့် အောင်မယ်တော့ ထင်ပါတယ်'

'အောင်မှာ ပါ ကိုယ်ကြိုးစားထားတာပဲ၊ ခြိမ့်က ဉာဏ်ကောင်းတာပဲ၊ ကြိုးလည်း ကြိုးစားထားတာပဲ၊ မနက်ကျရင် အောင်တယ်ဆိုတဲ့ သတင်းပဲ ကြားရမှာ သေချာတယ် သိလား၊ ကဲ … အိပ်တော့၊ လာ … မသစ် မီးပိတ်ပေးခဲ့တော့မယ်၊ အိပ်တော့နော်'

ပြောပြီး မေသစ်ချိုက သူမကို ခုတင်ပေါ် လှဲစေကာ အိပ်ရာတွေ ဘာတွေ ပြင်ပေးပြီး မီးပိတ်ကာ အခန်းထဲမှ ထွက်သွားတော့သည် ။ ခြိမ့်ခြိမ့်

မှာ တော့ အိပ်မပျော်နိုင်။ သူမ ဆယ်တန်း အောင်မှ ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ဘွဲ့တစ်ခုတော့ ရချင်သည် ။ မနှစ်က ဒီလိုခံစားချက်မျိုးမရှိ။ စာမေးပွဲကျပေမယ့် ဘယ်လိုမှ မနေ။ ဒယ်ဒီကတောင် ...

'ခြိမ့်ခြိမ့်ကတော့ အကြောကို တင်းနေတာပဲ'

ဟု အမြင်ကတ်ကတ်နှင့် သြဘာပေးခဲ့သေးသည် ။ စာမေးပွဲကျလို့ ဟု တော့ ဆူပူမာန်ပဲခြင်းမရှိ။ သူမကလည်း ဝမ်းနည်း အားငယ်ခြင်းမရှိ ။ တကယ်ဆို ခြိမ့်ခြိမ့်မှာ မိဘနှစ်ပါးစလုံးမရှိတော့။ ဖခင်ဖြစ်သူ၏ ညီဖြစ်သူမှ ခြိမ့်ခြိမ့်ကို ခေါ်ယူမွေးစားခဲ့သည် မှာ ခြိမ့်ခြိမ့် ခြောက်တန်းနှစ် မိဘနှစ်ပါးလုံး ကားအက်ဆီးဒင့်တ် ( Car Accident )ဖြင့် ရုတ်တရက် ဆုံးသွားချိန်ကတည်းကဖြစ်သည် ။ ထိုစဉ်ကတည်းက ဦးလေးဖြစ်သူက သူမကို သမီးအဖြစ် အပြီးမွေးစားကာ ဒယ်ဒီ မာမီပဲ ခေါ်စေခဲ့သည် ။ သမီးအရင်းဖြစ်သူ မေသစ်ချိုနှင့် တန်းတူ သဘောထားခဲ့သည် ။ မာမီကလည်း ယောကျ်ားဘက်မှ တူမရယ်လို့ မတွေးဘဲ သမီးအငယ်လေးလို ချစ်ခင် အလိုလိုက်ခဲ့သည် ။

မသစ်ကလည်း ညီမအရင်းလိုပင်။ မသစ်ထက် သူမက ငါးနှစ်ခန့်ငယ်သဖြင့် သူမက ကလေးလို ဖြစ်နေကာ အားလုံးက အလိုလိုက်ချစ်ခင်ခဲ့သည် ။ သူမ မိဘတွေထားခဲ့တဲ့ ပစ္စည်းတွေအားလုံးကို ဘဏ်မှာ သူမနံမည်နဲ့ အပ်ထားပေးပြီး ပုံမှန်အတိုးတွေစုပြီး ပြန်ထည့်ဖြင့် သူမပိုင်ဆိုင်မှုတွေကိုလည်း မပျောက်ပျက်စေရ။

အပူအပင်ရယ်လို့ မရှိတဲ့ ခြိမ့်ခြိမ့်တို့ မှာ ဆိုးလို့ ကောင်းကာ ဆယ်တန်းကို ကျပါတော့သည် ။ စာမေးပွဲ ကျတော့ ခြိမ့်ခြိမ့်က ဘာမှ မဖြစ်။ မာမီက မျက်ရည်လေးဆမ်းဆမ်း ဆမ်းဆမ်းနှင့်မို့ ငိုအားထက်ရယ်အားသန်ခဲ့ကြပါသေးတယ်။ ဒါပေမဲ့ ... ဒါပေမဲ့ကွယ်။

ခြိမ့်ခြိမ့် ဒီနှစ် စာမေးပွဲဖြေကာနီး နှစ်လခန့်အလိုမှာ ပေါ့ ခြိမ့်ခြိမ့်ကို စာမေးပွဲအောင်ချင်အောင် တွန်းအားတစ်ခုဖြစ်စေခဲ့တဲ့ အဖြစ်အပျက်က လေးတစ်ခု။

*****

‘သမီးကြီး သစ်ချို ... သမီးလည်း ကျောင်းပြီးပြီဆိုတော့ ဘာလုပ်ဖို့ စဉ်းစားထားလဲ’

‘သမီး Construchtionပိုင်း စိတ်ဝင်စားတယ် ဒယ်ဒီ၊ သမီး ရထားတဲ့ ဘွဲ့က စီးပွားရေးဆိုတော့ Construction နဲ့ က ဆိုင်တော့မဆိုင်သလိုပဲ၊ ဒါပေမဲ့ သမီး စိတ်ဝင်စားတယ်၊ ဒယ်ဒီက Export & Import ( ပို့ကုန်နှင့် သွင်းကုန် ) လုပ်ငန်းတွေ ရှိနေသေးတော့ သစ်ချိုကို Construction ( ဆောက်လုပ်ရေး )ပိုင်းကို လွှဲပေးပါလား၊ ကုမ္ပဏီလုပ်ငန်း ထက်စာရင် ဆောက်လုပ်ရေးကို ပိုစိတ်ဝင်စားလို့ ပါ ဒယ်ဒီ’

‘အိုကေ ... သမီး စိတ်ဝင်စားတယ်ဆိုရင် ဒယ်ဒီ့အတွက် တအားရတာပေ့ါ၊ ကဲ ... သမီး ဘယ်အချိန် စချင်လဲပြော ဒယ်ဒီ စီစဉ်ပေးမယ်’

‘မနက်ဖြန် ဒယ်ဒီ’

‘အိုကေ သမီး Constructionက ဒယ်ဒီနဲ့ ဒယ်ဒီ့သူငယ်ချင်း Shareဆိုတာ သမီးအသိနော်၊ ဒယ်ဒီ့သူငယ်ချင်းက ကျန်းမာရေးမကောင်းတော့ သူ့သားလေးပဲ လုပ်နေတာ၊ ဒယ်ဒီကလည်း ကုမ္ပဏီတစ်ဖက်ဆိုတော့ သိပ်လှည့်မကြည့်နိုင်ဘူး၊ မောင်ရဲမိုးကိုပဲ အစစအရာရာ လွှဲထားရတာ၊ သူငယ်လေးက တော်ပါတယ်၊ သမီးနဲ့ တွဲလုပ်ရမယ်၊ တွဲလုပ်ရမယ်ဆိုတာထက် သမီး သူ့ဆီက သင်ယူစရာတွေ အများကြီး ဖြစ်နေဦးမှာ ၊ သူကိုယ်တိုင်ကလည်း Civil Engineer ဆိုတော့ ဒီလုပ်ငန်းကို ကျွမ်းကျင်ပြီးသားဖြစ်နေပြီ၊ သမီးကို သူ့ဆီမှာ သင်ယူစေချင်တယ် ဘယ်လိုလဲ’

‘သစ်ချိုက သူ့တပည့် လုပ်ရမှာ လား’

‘ဒါက သမီး အရည်အချင်းပေါ်မူတည်ပါတယ်၊ ဘယ်လိုလဲ’

‘အိုကေ … ဒယ်ဒီ၊ သမီး သူ့ဆီက အမြန်ဆုံး သင်ယူနိုင် ရမယ်’

‘ကဲ … ဒါဆို ဒယ်ဒီ မောင်ရဲမိုးဆီကို ဖုန်းဆက်လိုက်တော့မယ်နော်’

‘ဟုတ်ကဲ့’

ပြောပြီး ဒယ်ဒီကဖုန်းဆက်ကာ သစ်ချိုနှင့် တွဲလုပ်ဖို့ ပြောနေသည် ။ ဖုန်းချပြီး သစ်ချိုကို …

‘ကဲ မနက်ဖြန် ရုံးကို ဒယ်ဒီ လိုက်ပို့မယ်၊ ပြီးရင် မောင်ရဲမိုးနဲ့ သမီး တွဲလုပ်တော့၊ သမီးကို တစ်ခုတော့ ကြိုပြောမယ်၊ ဘယ်အလုပ်မဆို အခက်အခဲရှိမှ အောင်မြင်တယ်၊ ရေစုန်ကိုလိုက်ရင် အောက်ကိုပဲမျောသွားလိမ့်မယ်။ အထက်ကို တက်ချင်ရင် ရေစုန်ကို မလိုက်ပါနဲ့ ’

‘ရက်(စ်) ဒယ်ဒီ’

အဲဒီလိုနဲ့ မေသစ်ချို ဘဝထဲကို ခြေလှမ်းစခဲ့ပါပြီ။

*****